**မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် စပ်လျဉ်း၍**
**ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ၏**
**သဘောထားထုတ်ပြန်ချက်**

ရက်စွဲ - ၂၀၂၁ ခုနှစ် မေလ ( ၁၀ ) ရက်။

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU) သည် အမျိုးသားရေးနှင့် တန်းတူရေးတို့အတွက် နှစ်ပေါင်းကြာရှည်စွာ လက်နက်ကိုင်ခုခံတော်လှန်ရေးကို ဆောင်ရွက်ခဲ့သော အဖွဲ့တစ်ခုဖြစ်ပြီး ဒေသ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးလျက် တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ညှိနှိုင်းအဖြေရှာခြင်းကို ဆောင်ရွက်လာခဲ့ရာ ခရီးကာလတစ်ခုအထိ ရောက်ရှိခဲ့ပြီး NCA စာချုပ်အား လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

၂။ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် တွေ့ဆုံဆွေးနွေးခြင်း၊ NCA မူဘောင် များအား လိုက်နာကျင့်သုံး ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်သူအားလုံး အနေဖြင့်လည်း NCA မူဘောင်များအတိုင်း တိကျစွာ လိုက်နာကျင့်သုံးလျက် ငြိမ်းချမ်းရေးကို ထိန်းသိမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

၃။ (၂၀၂၁) ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲအချိန်အခါ အခြေအနေတစ်ခုတွင် နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းလာကြသည်ကို ဝမ်းနည်းဖွယ် တွေ့မြင်နေရသဖြင့် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းကောင်းဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်း ဖြင့်သာ အဖြေရှာရန် သဘောထားရှိပါသည်။

10-5-2021

စောမူတူးစေးဖိုး
ဥက္ကဋ္ဌ
ကရင်အမျိုးသားအစည်းအရုံး (KNU)